Message Four

# ယောဟန်ဧဝံဂေလိစာစောင်ရှိ အတွင်းကျကျ သမ္မာတရားများကို ပြန်လည်ရယူခြင်း

ဖတ်ရန်ကျမ်း။ ။ ယော၊၁း၁၄၊ ၁၆။ ၁၄း၁၆-၂၀၊ ၆။ ၂၀း၂၂။ ၄း၁၀၊ ၁၄။ ၆း၃၅၊ ၅၇။ ၁၂း၂၃-၂၄။ ၃း၂၉-၃၀

**I. သခင်ဘုရားသည် သန့်ရှင်းသောကျမ်းစာတော်ရှိ အတွင်းကျကျ သမ္မာတရားများကို ပြန်လည်ရယူရန် အလိုတော်ရှိသည် - ယော၊၁း၁၄။ ၁၄း၁၆-၂၀။ ၁တိ၊၃း၁၅-၁၆က။ ၂တိ၊၄း၂၂။ ၃း၁၅-၁၆။**

A. သန့်ရှင်းသောကျမ်းစာတော်ရှိ သမ္မာတရားများသည် အမြဲပင် သွင်ပြင်နှစ်ခုရှိသည် - ယင်းတို့မှာ အပြင်ပိုင်းသွင်ပြင်နှင့် အတွင်းကျကျသွင်ပြင် တို့ဖြစ်သည် - ရော၊၈း၃၄၊ ၁၀။ ကော၊၃း၁။ ၁း၂၇။

1. ဘုရားသခင်၏ကယ်တင်ခြင်းသည် သွင်ပြင်နှစ်ခုရှိသည်၊ အပြင်ဘက်ကျသော အပြင်ပိုင်းသွင်ပြင်ကို အကောင်းဆုံးသော ဝတ်ရုံအားဖြင့် ရည်ညွှန်းထားပြီး၊ အတွင်းပိုင်းကျသော အတွင်းပိုင်းသွင်ပြင်ကို ဆူဖြိုးသောနွားကလေး ဖြင့် ရည်ညွှန်းထားသည်။ ကျွန်ုပ်တို့၏အပြင်ပိုင်း ဖြောင့်မတ်ခြင်းဖြစ်သော ခရစ်တော်သည် အပြင်ပိုင်းဆိုင်ရာ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်မှုအတွက် အတွင်းပိုင်းအသက်အဖြစ် ခရစ် တော်သည် ကျွန်ုပ်တို့၏အတွင်းပိုင်းဆိုင်ရာ ကယ်တင်ခြင်းလည်းဖြစ်သည် - လု၊၁၅း၂၂-၂၄။ ညွှန်း၊ ရော၊၅း၁၀။

2. အပြင်ပိုင်း ဩဝါဒများအားလုံးသည် အတွင်းပိုင်း အတွေ့အကြုံအတွက်ဖြစ်သည်။ အပြင်ပိုင်း ခရစ်တော်သည် နောင်တရသော အပြစ်သားကို ဖုံးအုပ်ပေးမည့် ဘုရားသခင်ကိုကျေနပ်စေသော ဖြောင့်မတ်ခြင်း၏ "အကောင်းဆုံးသောဝတ်ရုံ"ဖြစ်သည် (ယေ၊၂၃း၆။ ၁ကော၊၁း၃၀)၊ အတွင်းပိုင်းခရစ်တော်သည် ကြွယ်ဝသောခရစ်တော် အဖြစ် "ဆူဖြိုးသောနွားကလေး"ဖြစ်ကာ (ဧ၊၃း၈)၊ ရှင်ပြန်ထမြောက်ခြင်း၌ ယုံကြည်သူများ၏ အသက်မစရာနှင့် မွေ့လျော်ဝမ်းမြောက်ရာအတွက် ကားတိုင်ပေါ် အသေသတ်ခံရသည် (ယော၊၁၀း၁၀။ ၆း၆၃။ ၁၁း၂၅။ ၁၂း၂၄။ ၄း၁၀၊၁၄။ ၂၀း၂၂)။

3. ကျွန်ုပ်တို့၏အပြင်ပိုင်းဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်သောဘုရားသခင်၏ တောင်းဆိုချက်ကို ပြည့်မီစေရန် တတ်စွမ်းစေကာ၊ ကျွန်ုပ်တို့၏အတွင်းပိုင်းဖြောင့်မတ်ခြင်းအဖြစ် ခရစ်တော်သည် အောင်မြင်သော ခရစ်တော်၏ တောင်းဆိုချက်ကို ပြည့်မီစေရန် တတ်စွမ်းစေသည် - ဆာ၊၄၅း၁၃-၁၄။ ဖိ၊၃း၉။ ဗျာ၊၁၉း၇-၉။

4. ဖြောင့်မတ်ရာသို့ရောက်ခြင်းသည် "အသက်၏အရာ"ဖြစ်သည်၊ အကြောင်းမှာ အသက်သည် ဘုရားသခင့်ကယ်တင်ခြင်း၏ ပန်းတိုင်ဖြစ်သည်။ သခင်ဘုရားနှင့်အတူ သခင်ဘုရား၌ ကျွန်ုပ်တို့၏ အတွင်းကျကျ အသက်၏ရှင်သန်သော ပေါင်းစည်းဆက်နွှယ်မှုသည် အပြင်ပိုင်း ကျွန်ုပ်တို့ ဖြောင့်မတ်ရာသို့ ရောက်ခြင်း၏ ရလဒ်ဖြစ်သည် - ရော၊၅း၁၀၊ ၁၇-၁၈။ ၁၁း၁၇၊ ၂၄။ ယော၊၁၅း၄-၅။ ၁ကော၊၆း၁၇။

B. အတွင်းပိုင်း သမ္မာတရားများသည် ဝိညာဉ်တော်နှင့် အသက်သို့ ဆက်နွှယ်ထားပြီး၊ ဝိညာဉ်တော်နှင့် အသက်ဖြင့် စေ့စပ် ထုံးဖွဲ့ထားသည် - ယော၊၆း၆၃။ ၂ကော၊၃း၆။

1. ဝိညာဉ်တော်နှင့်အသက်သည် အတွင်းကျကျဖြစ်သော သမ္မာတရားများ၏ ဒြပ်ကိုယ်ထည်ဖြစ်သည်။ ထို့ကြောင့် ဝိညာဉ်တော်နှင့် အသက် မပါဘဲ ကျွန်ုပ်တို့၌ မည်သည့်အတွင်းကျကျ သမ္မာတရားကိုမျှ ရရှိမည်မဟုတ်ပါ။

2. ကျွန်ုပ်တို့သည် ဝိညာဉ်တော်နှင့် အသက်အားဖြင့် အသက်ရှင်သောအခါ ကျွန်ုပ်တို့၌ အတွင်းကျကျဖြစ်သော သမ္မာတရားများကို တွေ့ကြုံခံစားခြင်းရှိကြကာ၊ ဤအရာသည် အသင်းတော်အသက်တာကို ထွက်ပေါ်လာစေ သည် - ရော၊၈း၂၊ ၄။ ၁၆း၁၊ ၄-၅။

**II. ယောဟန်ဧဝံဂေလိစာစောင် - အတွင်းပိုင်းသမ္မာတရားများအကြောင်း စာစောင် - က ကျွန်ုပ်တို့သည် ခရစ်တော်ကို အတွင်းကျကျ တွေ့ကြုံခံစားမှုရှိသင့်ကြောင်း ဖွင့်ပြထားသည် - ၄း၁၄။၆း၅၇။ ၂၀း၂၂။**

A. ယောဟန်ဧဝံဂေလိစာစောင်သည် ခရစ်တော်ကို အသက်အဖြစ် အတွင်းကျကျ တွေ့ကြုံခံစားမှုအကြောင်း စာစောင် ဖြစ်သည် - ၁း၄။ ၃း၁၅-၁၆။ ၁၀း၁၀။ ၁၁း၂၅။ ၁၄း၆က။

1. ခမည်းတော်သည် အသက်၏ အရင်းအမြစ်ဖြစ်ပြီး၊ သားတော်သည် အသက်၏ ကိုယ်ထင်ရှားခြင်း ဖြစ်ကာ၊ ဝိညာဉ်တော်သည် အသက်ကိုပေးသူဖြစ်သည် - ၅း၂၆။ ၁း၄။ ၆း၆၃။

2. ခရစ်တော်ကိုယ်ခန္ဓာတော်၏ တည်ဆောက်ခြင်းနှင့် တိုးပွားခြင်းတို့သည် အသက်၏ ကြီးထွားမှုနှင့် လျှံထွက်စီးဆင်းမှုတို့ဖြစ်သည် - ၇း၃၇-၃၈။ ၁၅း၁-၈။
3. အောင်မြင်သောသူများသည် ခရစ်တော်ကို အသက်၏စိမ်းလန်းသော ကျက်စားရာအဖြစ် လက်ခံရရှိသူများ၊ မွေ့လျော်ဝမ်းမြောက်သူများနှင့် ဝေငှဖြန့်ဖြူးသူများဖြစ်ကြသည် - ၁း၁၂-၁၃၊ ၁၆။ ၁၀း၉-၁၀။ ၂၁း၁၅-၁၇။
4. ခမည်းတော်သည် အသက်၏အရင်းအမြစ်အဖြစ် စမ်းရေတွင်းဖြစ်ပြီး၊ သားတော်သည် အသက်၏ ပွင့်ထွက်လာခြင်းအဖြစ် စမ်းရေပေါက်ဖြစ်ကာ၊ ဝိညာဉ်တော်သည် အသက်၏စီးထွက်ခြင်းအဖြစ် မြစ်ရေဖြစ်သည်၊ ဤစီးဆင်းနေသော သုံးပါးတစ်ပါးဘုရားသည် "ထာဝရအသက်အထဲသို့"ဖြစ်ပြီး၊ ယင်းမှာ ကျွန်ုပ်တို့သည် ထာဝရ အသက်၏ စုစုပေါင်းဖြစ်သည့် (အသက်၏ဘုန်းတော်အဖြစ် ဘုရားသခင်၊ အသက်၏အလင်းအဖြစ် ခမည်းတော်၊ အသက်ပင်အဖြစ် သားတော်၊ အသက်ရေမြစ်အဖြစ် ဝိညာဉ်တော်နှင့်အတူ) ယေရုရှလင်မြို့သစ်ဖြစ်လာခြင်းဖြစ်သည် - ၄း၁၄ခ။ ဗျာ၊၂၂း၉ခ-၁၁၊ ၂၃။ ၂၂း၁-၂၊ ၅။

B. ဘုရားသခင်၏ ထာဝရနှုတ်ကပတ်တော်ဖြစ်သည့် ခရစ်တော်ကို ယောဟန် အခန်းကြီး ၁ တွင် ဖွင့်ပြထားသည် - အငယ်၊၁။
1. ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော်သည် ကိုယ်တော်၏ ဖန်ဆင်းခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောသည် - အငယ်၊၃။
2. ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော်သည် ဘုရားသခင်၏တဲတော်အဖြစ် ကိုယ်တော်၏ လူ့ဇာတိခံခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောသည် - အငယ်၊၁၄။
3. ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော်သည် ရွေးနုတ်ခြင်းအတွက် ဘုရားသခင်၏သိုးသငယ်ဖြစ်လာခြင်း၌ ဘုရားသခင်အတွက် စကားပြောသည် - အငယ်၊၂၉။
4. ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ခရစ်တော်သည် ဘုရားသခင်၏ရွေးနုတ်ခံလူများကို ဓမ္မသစ်အတွက် ဘုရားသခင်၏အိမ်တော် (ဗေသလ) တည်ဆောက်ခြင်းအလို့ငှာ ကျောက်များအဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်း ငှာ ဘိသိက်ပေးသောဝိညာဉ်တော် ဖြစ်လာခြင်းမှတစ်ဆင့် ဘုရားသခင်အတွက် စကားပြောသည် - အငယ်၊၃၂-၄၂၊ ၅၁။ ညွှန်း၊ က၊၂၈း၁၁-၂၂။

C. နှုတ်ကပတ်တော်သည် အသွေးအသားဖြစ်လာခြင်းဖြင့် ဘုရားသခင်ကို ဆက်သွယ်နိုင်သော၊ ထိတွေ့နိုင်သော၊ လက်ခံရယူနိုင်သော၊ တွေ့ကြုံခံစားနိုင်သော၊ ဝင်ရောက်နိုင်သော၊ မွေ့လျော်ဝမ်းမြောက်နိုင်သောအရာဖြစ်စေသည်၊ သို့မှသာ ကိုယ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အလုပ်လုပ်နိုင်မည်ဖြစ်သည် - ယော၊၁း၁၄။ ၁၄း၁၆-၁၇။

D. ခရစ်တော်သည် ဝိညာဉ်တော်ဖြစ်လာခဲ့ပြီး လေအဖြစ် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရှူသွင်း၍၊ အသက်ရေအဖြစ် ကိုယ်တော်ကို သောက်သုံးကြရကာ၊ အသက်မုန့်အဖြစ် ကိုယ်တော်ကို စားသုံးခြင်း ရှိနိုင်ကြသည် - ၄း၁၀၊ ၁၄။ ၆း၃၂-၃၃၊ ၃၅၊ ၅၁၊ ၅၄-၅၇။ ၇း၃၇-၃၉။ ၂၀း၂၂။

E. ခရစ်တော်သည် မှန်သောစပျစ်နွယ်ပင်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် အကိုင်းအခက်များဖြစ်ကြသည် - ၁၅း၁-၈။
1. စပျစ်နွယ်ပင်၏ အသက်၊ ဒြပ်ကိုယ်ထည်နှင့် သဘောသဘာဝတို့သည် အကိုင်းအခက်များ၏ အသက်၊ ဒြပ်ကိုယ်ထည်နှင့် သဘောသဘာဝပင်ဖြစ်သည် - ၁ယော၊၅း၁၁-၁၂။ ၂ပေ၊၁း၄။
2. စပျစ်နွယ်ပင်အဖြစ် သားတော်သည် ဘုရားသခင်၏စီမံကိန်း အလယ်ဗဟိုနှင့် ခမည်းတော်၏ ကြွယ်ဝခြင်းများအားလုံး၏ ကိုယ်ထင်ရှားခြင်းဖြစ်သည်။ ခမည်းတော်သည် သားတော်ကို ပြုစုပျိုးထောင်ခြင်းအားဖြင့် မိမိကိုယ်တော်တိုင်ကို သူ၏ကြွယ်ဝခြင်းများအားလုံးနှင့်အတူ စပျစ်နွယ်ပင်အထဲသို့ လုပ်ဆောင်ကာ၊ နောက်ဆုံးတွင် စပျစ်နွယ်ပင်သည် အကိုင်းအခက်များအဖြစ် ခရစ်တော်၌ ယုံကြည်သူများမှတစ်ဆင့် စုပေါင်းထားသောနည်းလမ်း၌ ခမည်းတော်ကို ထင်ရှားစေမည်ဖြစ်သည်။

F. ခရစ်တော်ကို အတွင်းကျကျ တွေ့ကြုံခံစားခြင်းသည် အမှန်မှာ ခရစ်တော်ကိုယ်တော်တိုင်သည် ကျွန်ုပ်တို့အထဲသို့ ကျွန်ုပ်တို့၏အသက်အဖြစ် ဝင်ရောက်ခြင်းနှင့် ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုဖြစ်လာခြင်းဖြစ်သည် - ကော၊၃း၄၊ ၁၀-၁၁။

**III. ယောဟန်ဧဝံဂေလိစာစောင်က အသင်းတော်နှင့်စပ်လျဉ်းသည့် အတွင်းကျကျသမ္မာတရားများကို ဖွင့်ပြထားသည်။**

A. သခင်ဘုရားကို ကျွန်ုပ်တို့အထဲသို့ လက်ခံရယူခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် အသင်းတော်၏ စေ့စပ်ထုံးဖွဲ့မှုများ ဖြစ်လာကြခြင်း ဖြစ်သည် - ၁၂း၂၄။ ၂၀း၁၇။ ၁၅း၄-၅။ ၃း၂၉-၃၀။

B. သခင်ဘုရား၏ ပြန်လည်ရယူခြင်းသည် အသင်းတော်အသက်တာ၏ လက်တွေ့လုပ်ဆောင်မှုအတွက် ခရစ်တော်ကို အတွင်းကျကျ တွေ့ကြုံခံစားခြင်းအား ပြန်လည်ရယူခြင်းဖြစ်သည် - ဂလ၊၁း၁၅-၁၆။ ၂း၂၀။ ၄း၁၉။ ၁း၂။

1. ခရစ်တော်ကို ကျွန်ုပ်တို့အတွင်းကျကျ တွေ့ကြုံခံစားမှုမှ ထွက်ပေါ်လာသည့် အသင်းတော်သည် ခရစ်တော်က ကိုယ်တော်၏ယုံကြည်သူများအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်သည် - ဧ၊၃း၁၆-၁၉။
2. အသေခံ၍ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်သည် ကိုယ်တော်၏ကိုယ်ခန္ဓာတော် တည်းဟူသော အသင်းတော် ကို ထုတ်လုပ်ရန် ကျွန်ုပ်တို့အထဲသို့ ဆောင်ယူခံရပြီးဖြစ်သည် - ကော၊၁း၂၇၊ ၁၈။ ၂း၁၉။ ၃း၁၅။
3. ခရစ်တော်သည် မိမိကိုယ်တော်တိုင်၌ ဦးခေါင်းတော်ဖြစ်သည်၊ ကျွန်ုပ်တို့အထဲသို့ စေ့စပ်ထုံးဖွဲ့ခံရသည့် ခရစ်တော်သည် ကိုယ်ခန္ဓာတော်ဖြစ်သည် - ဧ၊၁း၂၂-၂၃။ ၃း၁၇။ ၄း၁၅-၁၆။ ကော၊၁း၁၈၊ ၂၇။ ၃း၄။ ၂း၁၉။ ၃း၁၅။

C. *အသင်းတော်* ဟူသောစကားလုံးသည် ယောဟန်ဧဝံဂေလိစာစောင်၌ အထူးသဖြင့် အသုံးပြုထားခြင်းမရှိသော်လည်း အသင်းတော်၏ ဖြစ်တည်မှုနှင့် အသင်းတော်၏ စေ့စပ်ထုံးဖွဲ့မှုများ အကြောင်းရင်းမှန်ကို ရှင်းလင်းစွာ ဖွင့်ဆိုထားခြင်းရှိကာ၊ အသင်းတော်သည် အောက်ဖော်ပြပါ နည်းလမ်းခုနစ်ခုဖြင့် ရည်ညွှန်းထားသည်။

1. အသင်းတော်သည် များစွာသော မျိုးစေ့များဖြင့် ပေါင်းဖွဲ့ထားကာ၊ ယင်းမှာ ခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် ထုတ်လုပ်ခဲ့သည့် များစွာသော ယုံကြည်သူများဖြစ်သည် - ၁၂း၂၃-၂၄။
2. အသင်းတော်သည် သခင်ဘုရား၏ များစွာသော ညီများဖြင့် ပေါင်းဖွဲ့ထားသည် - ၂၀း၁၇။
3. အသင်းတော်သည် ခမည်းတော်၏ အိမ်တော်ဖြစ်သည် - ၁၄း၂၊ ၂၃။
4. အသင်းတော်သည် သားတော်၏စပျစ်နွယ်ပင်အဖြစ် များစွာသော အကိုင်းအခက်များနှင့်အတူရှိသည် - ၁၅း၅၊ ၇။
5. အသင်းတော်သည် ဝိညာဉ်တော်၏ အသစ်သောသား၊ လူသစ်ဖြစ်ကာ၊ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်အား ဖြင့် မွေးဖွားခဲ့သည် - ၁၆း၂၀-၂၂။
6. အသင်းတော်သည် သတို့သား ခရစ်တော်နှင့်အတူရှိသည့် သတို့သမီးဖြစ်သည် - ၃း၂၉-၃၀။
7. အသင်းတော်သည် သိုးထိန်းဖြစ်သည့် ခရစ်တော်နှင့်အတူရှိသည့် သိုးစုတစ်စုဖြစ်သည် - ၁၀း၁၄-၁၆။

D. လက်တွေ့ကျသော အသင်းတော်အသက်တာသည် ကျွန်ုပ်တို့က အတွင်းကျကျ သမ္မာတရားများကို တွေ့ကြုံခံစားခြင်း မှ ထွက်ပေါ်လာသည်။ ကျွန်ုပ်တို့သည် အတွင်းကျကျဖြစ်သော သမ္မာတရားများကို တွေ့ကြုံခံစားသောအခါ အသင်းတော်သည် အလိုအလျောက် ထုတ်လုပ်ခံရသည် - ရော၊၈း၁၀-၁၁။ ၁၂း၄-၅။ ၁၆း၁၊ ၄-၅။ ၁ကော၊၁း၉၊ ၃၀။ ၁၅း၄၅ခ။ ၆း၁၇။ ၁း၂။ ၁၂း၂၇။

E. ခရစ်တော်ကို အသက်အဖြစ် ကျွန်ုပ်တို့ အတွင်းကျကျ တွေ့ကြုံခံစားခြင်း၏ ရလဒ်မှာ စားသောက်ပွဲခံရာအိမ်အဖြစ် အသင်းတော်အသက်တာကို ရရှိခြင်းဖြစ်သည် - ယော၊၁၂း၁-၁၁။

1. အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့အားလုံးသည် အသင်းတော်၏ တြိဂံပုံအင်္ဂါဝင်ဖြစ်ရမည် - "မာသ-လာဇရု-မာရိ" ဖြစ်ရမည်။
2. စစ်မှန်သော အသင်းတော်အသက်တာ၌ သခင်ဘုရားထံသို့ ဇွဲလုံ့လရှိသည့် အစေခံခြင်း ပေးအပ်ခြင်းရှိသည်၊ သခင်ဘုရား၏ အသက်ရှင်သော သက်သေခံချက်ကို မြင်ရသည်၊ သခင်ဘုရားထံသို့ အကြွင်းမဲ့ချစ်ခြင်းမေတ္တာကို သွန်းလောင်းခြင်း ရှိသည်။ ဤသည်မှာ သခင်ဘုရား၏ ကိုယ်ခန္ဓာတော် စစ်မှန်စွာ ထင်ရှားခြင်းဖြစ်ကာ၊ ယင်းမှာ သခင်ဘုရားကို ထည့်ဝင်ကာ ကိုယ်တော်ကို ထင်ရှားစေမည့် ထည့်စရာတန်ဆာပင်ဖြစ်သည်။

*© 2021 Living Stream Ministry*